ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (23-9-2007) (၁၄၄၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၂၃

၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာဘင်အဗ္ဗဒူ(လ်)အာဇစ်အယ်လ်ဆာအု(ဒ်)ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု လျော့နည်းရန် စစ်ဆေးဆောင်ရွက် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်ရန်ပညာပေး

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၃၂/၂၀၀၇)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်　　စက်တင်ဘာ　　၂၂

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၃၂/၂၀၀၇) ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် ညနေ ၄နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ယခင်လပတ်အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြ၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက တစ်ပတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရွက်မှုအခြေအနေနှင့် ယာဉ်တိုက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲**

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိ

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံဖော်ဆောင်ပေးနိုင်ရန် ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများကို ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၈၈ခုနှစ်က ဆေးရုံ ၆၃၁ရုံသာရှိခဲ့ရာမှ ယခုအခါ ၈၃၄ ရုံအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားနိုင်ပြီဖြစ်သည်။ ယခင်က အထူးကုဆေးရုံကြီး ၆၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ၉၄ ရုံအထိ ရှိလာသည့်အပြင် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု၌လည်း အနည်းဆုံး ခုတင် ၂၀၀ဆံ့ ဆေးရုံတစ်ရုံစီ ဖွင့်လှစ်ပေးထားရာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်လျက်ရှိသည်။

ကြည်ဝင်းညွန့်၏ **"သက်ရှည်ကျန်းမာ ပြည်ရွာအကျိုး သယ်ပိုးဆောင်ရွက် တွဲလက်ညီညီ"** (ဆောင်းပါး) စာမျက်နှာ-၈၊၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၉-၂၀၀၇
(တနင်္ဂနွေနေ့)

မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကြိုးပမ်းဖော်ဆောင်

ကမ္ဘာ့ဒေသအနှံ့အပြား၌ ခရီးသွားလုပ်ငန်းများ မြင့်မားတိုးတက်လာပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေကြသည်။ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု၊ လေကြောင်းလိုင်းများ တိုးမြှင့်ပျံသန်းလာမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့သည်လည်း ခရီးသွားလုပ်ငန်းများ ကျယ်ပြန့်လာရခြင်းတွင် အရေးပါသော အချက်များ ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာက ဖြစ်တည်ထွန်းကားခဲ့သော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ၊ အနုပညာလက်ရာများ တည်ရှိသည်။ သဘာဝက ပေးအပ်ထားသော ရေမြေတောတောင် ရှုခင်းမြင်ကွင်းအဖုံဖုံ၊ ဆီးနှင်းဖုံးသော တောင်တန်း၊ ပင်လယ်ကမ်းခြေ အလှအပ အစုံစုံတို့ကို ရှုမြင်ခံစားနိုင်သည်။

ယင်းသို့သော သာယာလှပ ရှုမောဖွယ်ရာတို့ဖြင့် ပြည့်စုံနေသည့် မြန်မာနိုင်ငံရှိ ဒေသများအကြောင်းကို ယခုထက်ပိုမိုသိရှိ စိတ်ဝင်စားလာစေရန် ခရီးသွားဈေးကွက် မြှင့်တင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံရပ်ခြား ခရီးသွားပြပွဲများ၌ ပါဝင်တက်ရောက် ပြသခြင်းသည် ခရီးသွားဈေးကွက် မြှင့်တင်ရေးအတွက် ထိရောက်မှုရှိသည်။

ယခုနှစ် စက်တင်ဘာလအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့တွင် ပြုလုပ်မည့် ခရီးသွားပြပွဲ၌ မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီအချို့ သွားရောက်ကာ ခရီးသွားဆွဲဆောင်မှုအဖြစ် တင်ဆက်ပြသကြမည်ဖြစ်ကြောင်းသိရသည်။ ပုဂံယဉ်ကျေးမှုနယ်မြေ၊ အင်းလေးဒေသနှင့် ပင်လယ်ကမ်းခြေ စသည့် ဒေသများသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်သည်။

မကြာမီ ပွင့်လင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေစွာ သွားလာတည်းခိုနိုင်ရေးအတွက် ရန်ကုန်မြို့တွင်သာမက မန္တလေးမြို့၊ ပုဂံဒေသ၊ အင်းလေးဒေသ စသည့်ဒေသများတွင် ခေတ်မီဟိုတယ်များ၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုနှင့် ပို့ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်ပြည့်စုံရေး စီစဉ်ထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ တာဝန်ရှိသူတို့က ကမ္ဘာလှည့်ခရီးသည်များ စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေး၊ ခရီးစဉ်တစ်ခုနှင့်တစ်ခု၊ မြို့တွင်းမြို့ပြင် ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ရေးနှင့် ခရီးသွားဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြင့် ပြည့်စုံစေရေးတို့အတွက် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးအောင်သူ-ဒေါ်ခင်ဖြူဝင်း (ဩစတြေးလျ) မိသားစုကိုယ်စား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)မိုင် ကျိုက်ဝိုင်းဘုရားလမ်း အောင်ဇေယျလမ်းသွယ် (၁)နေ ဦးထွန်းနောင်-Dr. သက်သက်တို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယဆရာတော် ဦးလက္ခဏ ရှေ့မှောက်၌ တာဝန်ခံ(သဒ္ဓမ္မဇောတိကဓဇ) သီဟသုဓမ္မမဏိဇောတဓရ ရွှေမြင်တင် ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိဘဆရာအသင်း အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း ဒုတိယနှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်က အဆိုပါကျောင်းရှိ မြညီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်သီဂီကျော်က အမှာစကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများက အသင်း၏ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိဘဆရာအသင်းမှ တာဝန်ရှိသူများက ၂၀၀၆-၂၀၀၇ ခုနှစ် အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် အသင်းအမှုဆောင်အဖွဲ့ ရွေးချယ် တင်မြှောက်ခြင်းတို့ကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် သီရိဂုဏ်အိမ်ရာဝင်းနေ ဦးမင်းထွန်း - ဒေါ်ခင်စောဝေ မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ရခိုင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန် တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၂၂

ရခိုင်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက်၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဇနီး ဒေါ်ကျော့ကျော့စံတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က အမှာစကား ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က အမှတ်ပေး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင် ဒေါ်စောခင်နုက လက်ခံရယူသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့်ဇနီး ဒေါ်ကျော့ကျော့စံတို့က မဟာဂီတဘာသာရပ် အဆိုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် တာဝန်ရှိသူအသီးသီးက ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် တက်ရောက်လာကြသူများသည် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့် ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော စစ်တွေခရိုင်အား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ရခိုင်ပြည်နယ်ကိုယ်စား ပြုပြိုင်ပွဲဝင်များအတွက် အောင်နိုင်ရေးအလံကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်ရှိန်က အဖွဲ့ခေါင်းဆောင် ဦးခင်မောင်စန်းအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ခေတ်မီမွေးမြူရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် Welcome General Trading Co., Ltd(Myanmar)နှင့် Inve NUTRI-AD Belgium Co.,တို့ ပူးပေါင်းကျင်းပသည့် ခေတ်မီမွေးမြူရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် Welcome General Trading Co., Ltd မှ ဦးပြည့်ဖြိုးအောင်က ခေတ်မီတိရစ္ဆာန်ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆေးဝါးများ အသုံးပြုမှု ဆိုင်ရာများကိုလည်းကောင်း၊ Inve NUTRI-AD, Belgium Co, မှ အာဟာရဗေဒပညာရှင် Mr. Jan Maarten Persyn က မွေးမြူရေး အာဟာရဗေဒဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် Welcome General Trading Co., Ltd မှ ဦးပြည့်ဖြိုးအောင်က သက်ဆိုင်ရာဌာနများသို့ တိရစ္ဆာန်ဆေးဝါးများကိုပေးအပ်လှူဒါန်းပြီး အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာ အောင်သန်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ဒေးယျံ ဂုဏာပူဇာသဘင်

ရန်ကုန် စက်တင်ဘာ ၂၂

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်သူမြတ်အား ၂၀၀၇ ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက "ဓမ္မကထိက ဗဟုဇနဟိတဓရ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပါသဖြင့် မောင်တောကမ်းခြေ နတ်မြစ်အသင်းနှင့် သန်လျင်မြို့ ကျောင်းတိုက် သာသနာနုဂ္ဂဟအဖွဲ့တို့ ပူးပေါင်း၍ တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၆ရက် (စနေနေ့)တွင် ကျောင်းတိုက်ကြီးအတွင်း ကျင်းပမည်ဖြစ်သည်။ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

▲ ရှေ့ဖုံးမှ

ထို့နောက် ကော်မတီနှင့် ဆပ်ကော်မတီအလိုက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြရာ တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် တိုင်းမှူးက ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု လျော့နည်းသည်ထက် လျော့နည်းရန် တာဝန်ရှိလူများက ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားရေး၊ ပညာပေးရေး ဆပ်ကော်မတီအနေဖြင့်လည်း ယာဉ်မောင်းသူများနှင့် အများပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို သဘောပေါက်နားလည်အောင် ကျယ်ကျယ်ပြန့်ပြန့် ပညာပေး ဆောင်ရွက်ရေးတို့ကို နိဂုံးချုပ်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် တတိယအကြိမ် တရုတ်-အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် Ntegrator Private Limited မှ General Manager Mr. Jason Leong နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် Ntegrator Private Limited မှ General Manager Mr. Jason Leong ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်း ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာအု(ဒ်) ဘင်အယ်(လ်) ဖိုင်ဆယ် ဘင်အဗ္ဗဒူ(လ်) အာဇစ်အယ်(လ်) ဆာအု(ဒ်)ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

မွေးမြူရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မှိုအဆိပ်သင့်ခြင်းမှ ကာကွယ်ခြင်း၊ အစာခြေအင်ဇိုင်းများ သုံးစွဲခြင်းဆိုင်ရာ ဟောပြောဆွေးနွေးပွဲနှင့် တိရစ္ဆာန်ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၉နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းလှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်ကြီးခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းအေးက ဆေးဝါးများ လှူဒါန်းရခြင်းနှင့် ဆွေးနွေးပွဲ ပြုလုပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Welcome General Trading Co.Ltd. Myanmar မှ တာဝန်ရှိသူများက တိရစ္ဆာန်ဆေးဝါးများပေးအပ်လှူဒါန်းရာ ဗိုလ်မှူးကြီးဝင်းလှိုင်က လက်ခံယူပြီး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ အဆိုပါဆေးဝါးလှူဒါန်းပွဲနှင့် မွေးမြူရေးဆိုင်ရာ ဆွေးနွေးပွဲများကို နေပြည်တော်နှင့် မန္တလေးမြို့များ၌လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

တတိယအကြိမ် တရုတ်-အာဆီယံ မီဒီယာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ စက်တင်ဘာ ၂၂ ရက်မှ စက်တင်ဘာ ၂၉ရက်အထိ ကျင်းပမည့် "တတိယအကြိမ် တရုတ်-အာဆီယံ မီဒီယာ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ"သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ဇော်တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မုဒုံမြို့နယ် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် လှူဒါန်းခဲ့သည့် ငွေကျပ်ငါးသိန်းအထက် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ ဘဏ္ဍာရေးမှူး ဒေါက်တာမြင့်ဦးက အလှူရှင်တစ်ဦးအား ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောမည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ ကြီးမှူး၍ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန(I.B.C)၌ ကျင်းပမည်ဖြစ်သည်။

အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုနှင့်ပတ်သက်၍ AFTA and Beyond AFTA ခေါင်းစဉ်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ရီက ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ပြင်းအားပို့ ၅၀၀၀၀ ရှိ တာဆာလက်နက်များဖြင့် ဖမ်းမိတရားခံများအား ကန်ရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်နှိပ်စက်

ဟူစတန် စက်တင်ဘာ ၂၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ရဲတပ်ဖွဲ့အရာရှိများက အမျိုးသမီးငယ်တစ်ဦးအား တာဆာလက်နက်ဖြင့်ပစ်ခတ်ညှဉ်းပန်းခဲ့မှုနှင့် ပတ်သက်ပြီး ကာကွယ်ပြောကြားမှုများပြုလုပ်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တေလာကာရက်စ် အမည်ရှိအသက် ၁၅နှစ်အရွယ်မိန်းကလေးငယ်တစ်ဦးအား တာဆာလက်နက်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် အဆိုပါ အမျိုးသမီးငယ်မှာ အသက်ဘေးမှ လွတ်မြောက်အောင် မော်တော်ယာဉ်များအကြားမှ ထွက်ပြေးခဲ့ရကြောင်း သိရသည်။

ထိုမိန်းကလေးငယ်လေးကို ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ဖမ်းဆီးမိခဲ့ပြီး တာဆာလက်နက်ဖြင့် ထပ်မံပစ်ခတ်နှိပ်စက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါအဖြစ်အပျက်များကို ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ဗီဒီယိုရိုက်ကူးပြီး ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ မိန်းကလေးငယ်ကို စက်တင်ဘာ ၂ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်အပတ်က ပြန်လွှတ်ပေးခဲ့သည်။

ထို့အပြင် အသက် ၃၈နှစ်အရွယ် အမျိုးသမီးတစ်ဦးကိုလည်း စားသောက်ဆိုင်တစ်ခု၏ အပြင်ဘက်တွင် တာဆာလက်နက်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် အဆိုပါ အမျိုးသမီးအား ခြေဖြင့် ကန်ကျောက်ခဲ့ကြောင်းသိရသည်။

ထို့အတူ ဖလော်ရီဒါပြည်နယ်ရှိ တက္ကသိုလ်တစ်ခုတွင်လည်း ရဲတပ်ဖွဲ့ဝင်များက စည်းကမ်းချိုးဖောက်သော ကျောင်းသားတစ်ဦးကိုဖမ်းဆီးရာတွင် အဆိုပါတာဆာလက်နက်ဖြင့် ပစ်ခတ်အသုံးပြုခဲ့ကြောင်းလည်း သိရသည်။

ထိုတာဆာလက်နက်သည် လျှပ်စစ်ကျဉ်စက်သေနတ်ဖြစ်ပြီး ပြင်းအားဗို့ ၅၀၀၀၀ရှိကြောင်း၊ အမေရိကန်ရဲတပ်ဖွဲ့ဝင်များက ကိုင်ဆောင် အသုံးပြုလေ့ရှိသော လက်နက်တစ်ခုဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

အမေရိကန်ရဲတပ်ဖွဲ့ဝင်များက ပြင်းအားဗို့ ၅၀၀၀၀ ရှိ တာဆာလက်နက်ဖြင့် ပစ်ခတ်နေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဟာရာရေး – ဟီသရိုးလေကြောင်းစခန်းချဲ့ ဗြိတိသျှ လေကြောင်းဌာန ရပ်ဆိုင်းမည်

haraer; sk\tc\Ba 21

haraer;Nuec\. h^qRui;el eSip\ ... A ka; p·Mqn\;enqv\. tiuk\Ruik\ ... Kr^;s^\kiu 2007 KuNes\ eAak\tiuBer 28 °rk\mesc\j rp\Siuc\;Ta;m^\hu ¤biitiqYele kac\;@ank bud ... ent‡t•c\ e¤pa ka;e kac\; ny‹;z ... naqtc\;@ank ePa\¤pqv\"

ePa\pp ele kac\;Kr^;s^ ... rp\Siuc\;rqv\. Ae kac\;r ... sin\eK mOm·a; riuenepae kac\ ... ¤Ps\qv\hu ASiup ele kac\;@an ... rm\eng·a¤Ps\q‹ stib\har\Sn\ ... e¤pa ka;qv\"

mv\qiu‡pc\¤Ps\eskam‹ ¤biitiq ... ele kac\;@ank kiuemyaeoqme ... ts\Sc\. zc\BaeB•Nuic\cMqiu‡p Mq ... Nuic\mv\. As^As^\kiu Sk\l ... eSac\r•k\enqv\hu &c\ ... ATk\p qtc\;@anqiu‡ e¤pa ka; qv\"

wc\erak\ye°\qpiuv\¤Ps\ep°;ePa\pp Kr^;s^\At•k\ ec•e k; Sk\l ... ARMO;mKMNuic\eta.e kac\; &c\ ... e¤pa ka;qv\"

AmAc\eA'Sc\hea"

Amt\As•n\;rnie

haraer;Nuec\. h^qRui;ele kac\; Kr^;s^\qv\ l•n\K«.qv\. Nes\An\; cy\At•c\; ARMO;ep K«.e kac\;' Amt\As•n\;rnieNuic\mZ;k•k\qiu‡ ...

A^rt\Nuic\cMBg'dk\ mi•t•c\ bMepk\k«mOPs\pe;p'yenak\ p·k\s^;q•a;eopayaU\ts\s^;kiu sk\tc\Ba°21 °rk\ket•>rs\"
(Dat\puM-Ac\tank\)

gpn\Nuic\cMyaek\ebpe Aqk\°112Nes\riue°kmia.Aqk\ Ak^;SuM;ABiu;Aiutiumiug·itama eB;Aa; sk\tc\Ba°21 °rk\ t•c\&c\;fenAinlaeet•>rs\"
(Dat\puM-Ac\tank\)

အီရန် တိုက်လေယာဉ်အသစ် စမ်းသပ်ပျံသန်း စစ်ရေးအသင့်ရှိကြောင်း လက္ခဏာပြသ

t^h^rn\ sk\tc\Ba 21

A^rn\f N·¿kl^;ya;kis§Nuec\. pt\qk\j°ss\¤Ps\laNuic\qv\°h«e¤pa elqMm·a; kmıa.qtc\;elaka T•k\laenK·in\t•c\A^rn\Nuic\cMqe sk\tc\Ba 20rk\k ¤pv\t•c\ lup\ m·oi;Sk\qs\ tuik\elyaU\ Nes\sc\;kiu sm\;qp\p·Mqn\;K«.qv\"

yc\;qiu>sm\;qp\mOqv\ ss\¤Ps\ laNuic\qv\Suiqv\. ehakin\;m·a; kiu tMu>¤pn\qv\.qeBa'A^rn\Nuic\cMf ss\er;ASc\qc\. rueimO Ae¤KAenkiu ¤pqpv\.qeBa¤Ps\qv\hu qMu;qp\ q«m·a;kRO¤mc\kqv\"

sm\;qp\

Sag^hu Amv\ep;Ta;eqa g·k\ tuik\elyaU\qs\Nes\sc\;kiu A^rn\ eltp\P«•>rne elyaU\mfl;m·a;k eAac\¤mc\s•asm\;qp\K«. p'y¤Ps\qv\ TiueAac\¤mc\mOqv\ A^rn\f m\q‹ m·a;kiu siu;rimesqv\hu A^rn\ tawn\ rueiq‹ts\U^;k Tut\ePa\e¤pa ka; qv\" yc\;elyaU\Nes\sc\;qv\ sk\tc\Ba 22 rk\mesj eltp\P«•> t•c\ stc\tawn\Tm\;eSac\mv\ ¤Ps\qv\"

AeTak\ATa;m·a;Ar Sag^ elyaU\ Am·oi;Asa;qs\qv\ Aemrikn\f Ak\P\-5 elyaU\ Am·oi;Asa;Nuec\.t‹qv\hu Suiqv\" Sag^Am·oi;Asa;A^rn\tuik\elyaU\ m·a;qv\ Aemrikn\lup\Ak\P\-18 tuik\elyaU\m·a;kiu yeU\Nuic\qv\ qamk s•m\;rv\puimiujpc\ qal•n\ qv\hu A^rn\tp\P«•> A k^;Ak« Aatuila Sal^h^k e¤pa ka; qv\"

e¤pa ka;

As§er;tiu‡k A^rn\Nuic\cMkiu stc\ tuik\Kuik\laIYc\ A^rn\tiu‡klv\; lk\tMu>¤pn\j As§er;kiu bMu; k« tuik\Kuik\q•a;mv\¤Ps\e kac\;A^rn\ eltp\P«•> A k^;Ak«k sk\tc\ Ba 19rk\t•c\ e¤pa ka;K«.eq; qv\"

AmAc\eA'Ruik\ta"

Bg'dk\ sk\tc\Ba 21

A^rt\Nuic\cMt•c\ sk\tc\Ba 20 rk\k Aemrikn\tp\P«•>wc\Nes\Ak\ eqSMu;e kac\; Aemrikn\ss\tp\k e¤pa ka;qv\"

Bg'dk\ mi•rueiNuic\cMSMutp\R•>ftp\R•>wc\ts\^;qv\ Bg'dk\ mi•Aenak\ Bk\edqk\kiu Tiu;ss\Sc\rat•c\ eqSMu;e kac\;' AeKa;tp\P«•>wc\ts\^;qv\ Bg'dk\ mi•emnak\Bk\Slah•dc\¤pv\ny\t•c\tiuk\p‹•emhut\B«meta\tS ¤Ps\p•a;mOe kac\. eqSMu;e kac\; ss\tp\k e¤pa ka;qv\"

A^rt\ss\p‹•¤Ps\p•a; p'y;enak\ yent‡ATi A^rt\Nuic\cMt•c\ Aemrikn\tp\P«•> wc\ 3790 eqSuM;K«.e kac\; pc\tg•n\ss\@ank·op\As^rc\KMsaAnqiu‡qv\"

AmAc\eA'Sc\hea"

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

လာအိုတွင် လူကုန်ကူးခံရသူ ၉၇၀ ရှိ

hN•oic\; sk\tc\Ba 21

laAiuNuic\cMe 2001KuNes\emak\piuc\;t•c\l‹kun\k‹;KMrq‹ 970 rueira &c\;tiu>Ank\ 835U^;qv\ Aqk\° 18Nes\eAak\¤Ps\e kac\;° laAiuqtc\;Sa t•c\°sk\tc\Ba 20rk\k ePa\¤pTa;qv\" emlNuec\.z‹luic\ l ... laAiuAm·oi;qm^;Nuec\. kel; 36U^; l‹kun\k‹;¤Kc\;KMre kac\; ... U^;qv\ ¤pv\t•c\;æA km\;Pk\KMr p^; el;U^;qv\ ADm pk·c\.KMre kac\; laAiuAm·oi;qm^;qmg'°k3°k e¤pa ka;qv\"

ASuip qmg'k l‹kun\k‹;¤Kc\;mee kel;m·a;Nuec\. Am·oi;qm^;m·a;kiu ta;S^;rn\e ka\¤caAa;¤Pc\. pvaep;As^As^U\ plup\¤Kc\;' l‹kun\k‹;miuk\t•c\;kelv\; Sn\>k·c\tiuk\P·k\rn\ Arciin\¤mHc\.¤Kc\;' eS•;eN•;rn\kis§kiu Upedr;raeSak\ satm\;m·a;° kitc\¤pc\Sc\¤Kc\;Nuec\. °duk qv\rn·a;kiu Aa;ep; k‹v\eTak\pM ep;¤Kc\; eSac\r•k\l·k\rueiqv\" *AmAc\eA'Sc\h•a"*

ဆူမားတြားတွင် အင်အားပြင်းငလျင်လှုပ်

g·kata sk\tc\Ba 21

Ac\diun^;rea;Nuic\cMSma; ta;k n\;t•c\ sk\tc\Ba 20 rk\k rs\K·\ta sek; 6dqm 7ASc\.rueiAc\Aa; ¤pc\; cl·c\lOp\q•a;e kac\; miu;el wqNuec\. B«miR·pebd@ank e¤pa ka; qv\"

Sma; ta;¤pv\ny\Aenak\Bk\ km\;ri;miu·Aenak\etac\piuc\;127 k^liu mIta;Aak\p‹c\ly\¤pc\me7dk^liumIta Ak•a bhiu pj cl·c\lOp\q·a; e kac\;' Bn\k‹l«¤pv\ny\k^p .rn\ ... cl·c\lOp\q·a;e kac\; miu;elwqNuec\. B«miR·pebd@ank e¤pa ka;qv\"

sk\tc\Ba 19rk\k Bn\k‹l‹ ¤pv\ny\t•c\ 7dqm°9ASc\.rueicl·c\ lOp\mOe kac\. l‹23°^;eqSuM;K«.qv\"

AmAc\eASc \hea"

ရှေ့ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အီရန်နှင့်ဆက်ဆံရေး ပုံမှန်ဖြစ်ရန် အီးယူ ကြိုးပမ်း

kiuc\Riu sk\tc\Ba 21

A^g·s\NiucMA^rn\NiucMte\.ApeBaSac\qv\.ḦNDic\ymOna;pupnc\;¤Pc\Nes\NiucMfOmnSk\SMer;
kiupMunemeSac\r•K\qe;mNn\;ln\;nea.kMenqv\huA^g·s\NiucMKa;er;wn\ k^;AmkVABgit\kuMn;en‡t•c\
eqpa ka;e kac\;mna¶qtc\;@arkePa\¤pqv\"

A^g·s\Niuc\cMqiu‡ Alv\Aptiu;¤nHt\.mA\g en‡keS•;eN•;K«.Sk\SMer; kis§m·a;kiu Sk\
erak\rceienqv\. A^rn\dutiy NiucMqlcMA^g·s\Ntec\. A^rn\tiu‡k ATv‡tiNDic\; krn\ qeBat‹v^Ta;
¤Ka;er;wn\ k^; ABt\s\Brk\KeqPc\. ASc\.¤nc\.ArareiAp Awc\qv\"
kA^g·s\NiucMKa;er;@anmetawn\caNesNiucMSk\SMer;Ntec\. NesNiucMne
pug'oil\m·a;Ntec\. NesNiucMSk\SMer;cMKa;er;wn\ k^;ABgit\Awc\

eS•qeNum\

A^g·s\NiucMKa;er;wn\ k^;ABgit\
A^rn\NiucMKa;er;wn\ k^;mNKa
ema.tak\Ntec\. Bk\mliuk\ lOp\rea
qiu‡mhut\ 15 NiucMApsuAs\
Aew;m·a; qiu‡mhut\ A¤Ka;As\;
Aew;m·a;t•c\ et•>SMueS•;eN•;m\
hu e¤pa ka;qv\"

Am\Ac\eA'Sc\h•a"

gpnNiucMtiuk·oi mit•c\¤ppqv\.k•n\p¿tagin\;¤pp•t•c\SimTut\pel;setrc\gin\;¤pTa;qV\kiu
sk\tc\Ba 20 rk\k et•>rs^\" *(Dat\pMu-Ac\tank\)*

tRut\NuicMepk·c\;ak·c\;peqaqtc\;AK·k\Alk\Ntec\.
n\;puSiucraTut\kunpsS\;¤pp•t•c\ k\.RDel.laqm·a;¤Pc\.
sv\ka;l·k\rceiqv\kiu sk\tc\Ba 21 rk\k et•>rsU\"
(Dat\pM-epk·c\;r^b·¿\)

ကမ္ဘောဒီးယား၏ အိဒ်စ်ရောဂါ အခြေအနေ အင်ဂျီအိုအဖွဲ့ မမှန်မကန်ဖော်ပြ

Pema\pc\sk\tc\Ba 21

Ac\g·^AiuAP•«>As\;ts\KuPS\ eqa kel;m·a;kiu ky\Sy\ h‹j Amv\reqaAP•«>qv\ kemiad^;ya;NiucMrei AipK·\AiucNb^-AidS\ erag qv\m·a; Ae¤KAenAa; ePa\¤pqv\. sarc\;zya;m·a;keg Tut\ewK«.qv\" Tiuqiu‡ Tut\ew
Amon\¤Ps\ep eneqa pkti Ae¤K AeNtec\. k«l«j puMieqp Pa\¤pK«e kqkt sk\tc\Ba 20 rk\Tut\ kemiad^;ya; en‡s^\qtc\;sat•c\ er; Adiuk\" kemiad^;ya;NiucMre ¤Ps\ep eneqa AipK·\AiucNb^-AidS\ Aep Ae¤KAenqv\ Aeroetac\ Aemat•c\ASiu;r•a;SLM;¤Ps\up^ra
erag e kac\. 2010 ¤pv\.Ntes\t•c\ kemiad^;ya; kel;cy\ep c\; 140000 tiu‡miBm«.Bwqiu‡k·erak\ Nue e kac\;nea;y•c\;s•aePa\¤pTa;qv\" Tiu‡Aqpc\ kemiad^;ya;æ AipK·\AiucNb^-AidS\erag rceienq‹ep c\; 164000 rceika miBm«.Bw¤Pc\. enTiuc\ r‹ 15 Nes\eAak\ kel;^^;er mea 51000 rceiqv\h‹eqa AK·k\ mealv\; mon\kn\nOmrceie kac\; qtc\;sak Sk\lk\er;qa; Ta;qv\"

Am\Ac\eA'Sc\h•a"

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

Bg'dk\ sk\tc\Ba 21

A^rt\NuicMBg'dk\ mi>Aeroe>piuc\;rei A^rt\tp\P«>f ss\
ts\Kukiu sk\tc\Ba 20 rk\k bMu:K«•tiuk\KiuK\KMK«.rra A^rt\t
Nes\^^;eqSMu; p^;Nes\^^;d%rarreiq•a;e kac\; r«qtc\;rp\k•k\
qtc\;kePa\¤pqv\"

haB^B^raArp\Am^;rei A^rt\tp\P«>ss\eS;er;git\skn\;kiu
eseqa ps§\;m·a; tc\eSac\Ta;qv\. ka;¤Pc\.wc\tiuk\kaePak\K«
¤KC\;¤Ps\qv\"yc\;¤Ps\rp\t•c\A^rt\tp\P«>wcNes\^^;eqSMu; p^;A
Nes\^^;lv\; d%rarreiq•a;qv\"

pkeS;

yc\;ep k\k«•mOe kac\. ss\eS;er;git\æ Ass\eS;KMrn\
esac\.Siuc\;eneqa ka;Am·a;A¤pa;lv\; p·k\s^;K«.rqv\"

Am\Ac\eA'Sc\hel"

tRut\NuicMAly\puic\;h‹eBp\ny\smezac\ mi>t•c\er k^;en
qv\kui sk\tc\Ba 19 rk\k et•>rs^\"
(Dat\puM-Ac\tank\)

နှစ် ၁၂၀၀ ကျော်က မာမီရုပ်လောင်းများ ရှာဖွေတွေ့ရှိ

l^ma sk\tc\Ba 21

p^R«;NiucMne eme;ehac\;ps§\;
t‹;ePa\el.laq‹ pvaroec\m·a;k
eme;Nes\ep c\; 1200ek·a\qk\tm\;rei
K·aK·apiuyas\ y^ek·;mOeKt\me
kp\sv\;eS;sim\Aelac\; 40 kiu
k•^lk\ KMtp\t•c\ rcaaeP•et•>rcei
e kac\; s^mKin\;eK c\;eSac\¤Ps\q‹
Ay\l\Prk\diiunaeb.s\k edqKM
m^d^yaqiu‡e¤pa ka;qv\"
ASiup kp\sv\;eS;sim\
Aelac\;m·a;kiue¤nAiu;e¤nK·K·m·a;
Ntec\.At‹et•>rceik«. p^;eme;ehac\;ps§\;
et•>rceira enrat•c\m^;elac\K.«qv\.
lk %aet•>rceiqv\hu naeb.s\k
e¤pa ka;qv\"
ASiup ^kp\sv\;eS;simAelac\;
m·a;kiu Ay\l\tc\taRiuAeSak\
AAMu t•c\;rei 24 m^taAK·c\;rceieqa
Aepak\eAak\t•c\mnHp\NteMTa;qV\kiu
t‹;ePa\s^At•c\; et•>rceik«.¤KC\;¤Ps\
p^;eme;ehac\;kSk\lk\e¤pa ka;
qv\"
Ay\l\tc\taRiu AeSak\AAMu
t•c\Awkc\;qan\rei AeSak\AAMu
t•c\ eteakK«:mde p^;yc\;AK·in\k edqKM
m^d^yaqiu‡ AimNm·a;¤Ps\P•y\rceiqv\
hu naeb.s\k e¤pa ka;qv\"

Am\Ac\eA'Sc\hel"

b\yk\nmNiucMniuK^nc\; mi>rcema\eta\SiucKy\B^yeK·Tut\lup\eqpsk\RUM Fup\on\K«c\ts\enrakiu
sk\tc\Ba 21 ^rk\k et•>rs^\"
(Dat\puM-Ac\tank\)

ပြည်ပမှ ကလေးများ မှောင်ခိုသွင်းမှုကိစ္စ ဗြိတိန်က ပိုမိုအလေးထား ဆောင်ရွက်သင့်ဟုဆို

ln\dn\ sk\tc\Ba 21

bitin\NiucMqiu>¤pv\ynoe kel;m·a;enmoec\Kiuq•c\;laqv\.kis§kiu
Aer;y‹raæ luMelak\qv\. eSac\r•k\mOm·oi;kiu met•>req;e kac\;
Aa;Tut\eSac\r•k\qc\.e kac\; l‹>AK•c\.Aer; kak•y\esac\.erak\
Aup\suNes\Kuf sk\tc\Ba 20 rk\en‡t•c\ Tut\¤pon\eqa As^rc\KMSa
ePa\¤pTa;qv\"
Tiuemoec\Kiuq•c\;la¤KC\;KMreqa kel;m·a;kiu lic\eP·a\e¤Pr\Qpotc\
Ntec\. ek·;k n\qP•y\Kiuc\;es¤KC\;KMreqa Alup\qma;m·a;A¤Ps\Kiuc\;es k
e kac\; l‹>AK•c\.Aer;AP•«>f As^rc\KMsat•c\ er;qa;Ta;qv\"
Tiukel;m·a;kiu gRusiuk\esac\.eroeak\kak•y\qv\. lup\cn\;kiu
lup\eSac\raæ bitin\NiucMrei edqtsKUNtec\.ts\Kuts\eqp;v^mreiBk\k«qa;
¤Ka;na;enqv\" AK·oi>edqm·a;æ Tiukis§kiu Tin\;K·op\mO mreide tak\
¤Ps\qv\huSiuqv\" kel;enmoec\KiumONtec\.pt\qk\j e¤Proec\;eSac\r•k\rae
bitin\NiucMqv\ A¤Ka;eqpNiucMm·a;Ntec\. NDic\;yoU\tc\eSac\r•k\reNeka
e kac\; ePa\¤pTa;qv\" *Am\Ac\eA'Riuk\ta"*

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ပို့ဆောင်ရေးလုပ်ငန်းများ နောက်ကျခြင်း၊ ပျက်ကွက်ခြင်းမရှိရန်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းက အမှာစကား ပြောကြား သည်။

တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယခုကာလအတွင်း ယာဉ်တိုက်မှုနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းကျဆင်းသွားသော်လည်း ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများလိုက်နာကြစေရေး ဆက်လက်ကြပ်မတ်ထိန်းသိမ်းသွားကြရန်၊ တက္ကသိုလ်၊ ကောလိပ်များ၏စာမေးပွဲကာလအတွင်း ကျောင်းကြို/ပို့ယာဉ်နှင့် ခရီးသည်တင်ယာဉ်လိုင်းများ အဆင်ပြေစွာပြေးဆွဲရေး စီစဉ်ဆောင်ရွက်သွားကြရန်၊ ခရီးသွား ပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေးအတွက် ပို့ဆောင်ရေးလုပ်ငန်းများကို နောက်ကျခြင်း၊ ပျက်ကွက်ခြင်းများမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်သွားကြရန်၊ ခရီးသည်တင် ဒိုင်နာယာဉ်လိုင်းများ၌ ယာဉ်ပေါ်တွင် ထားရှိသောအမှိုက်ပုံးများ သန့်ရှင်းစွာ တပ်ဆင်အသုံးပြုသွားရန်၊ ထန်းတပင်မြို့နယ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ဖောက်လုပ် ဆက်သွယ်ထားသော ကားလမ်းတွင် ရန်ကုန်မြို့တွင်းမှ တက္ကသိုလ်အထိသာ ယာဉ်လိုင်းများပြေးဆွဲလျက်ရှိပြီး တက္ကသိုလ်နှင့်ထန်းတပင်မြို့နယ်သို့သွားသော လမ်းအပိုင်း၌ ယာဉ်လိုင်းများ ပြေးဆွဲခြင်း မရှိသောကြောင့် ကျောင်းသား/ကျောင်းသူများနှင့် ခရီးသွားပြည်သူများ ခရီးသွားလာမှုအခက်အခဲများ ရှိနေကြောင်း သိရှိရသဖြင့် တိုင်းပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့မှ စိစစ်၍ ခရီးသွားလာမှုအဆင်ပြေစေရေး ဆောင်ရွက်သွားကြရန်၊ အဝေးပြေး ကားဂိတ်များတွင် လက်မှတ် မှောင်ခိုရောင်းချသူများအား အရေးယူ ဆောင်ရွက်နေသော်လည်း ဆက်လက်၍ မှောင်ခိုရောင်းချနေသူများ ရှိနေကြောင်း သိရှိရသဖြင့် စိစစ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန်၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိပလက်ဖောင်းမြောင်းအဖုံးများ ပျက်စီးယိုယွင်းနေသဖြင့် မြို့တော်စည်ပင်မှ အမြန်ဆုံးပြင်ဆင်ဆောင်ရွက်သွားကြရန်တို့ကို ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တက္ကသိုလ်ကြို့/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ရက်က အမှတ်(၄၉)ရပ်ကွက် မဟောသဓာစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအကြောင်းကိုဟောပြောပြီး အဆိုပါ မဟောသဓာစာကြည့်တိုက်သို့ ဂျာနယ်နှင့် စာစောင်များလှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက လက်ခံရယူသည်။

ဆက်လက်၍ မဟောသဓာစာကြည့်တိုက်တွင် ဖွင့်လှစ်သည့်နေ့မှစ၍ ယနေ့အထိ နှစ်နှစ်တိုင် စာဖတ်အများဆုံးဆုကို ဦးစီးမှူးဒေါ်လှလှဌေးက ပေးအပ်ချီးမြှင့်ရာ ဆုရရှိသည့် ဒေါ်နီနီအောင်က လက်ခံရယူသည်။ ထို့နောက် စာဖတ်လေ့လာနေသူများအား မြို့နယ်ဦးစီးမှူး၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)** (မြို့နယ် ပြန်/ဆက်)

ကျောက်မဲ အမက(၁) ပညာရည်ချွန်ဆုချီးမြှင့်

ကျောက်မဲ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် ကျောက်မဲမြို့အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၄ရက် နံနက် ၉နာရီတွင် နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ သဘာပတိအဖြစ် ကျောင်းအကျိုးတော်ဆောင် ဦးစိုင်းလိတ်က ဆောင်ရွက်သည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဆုရရှိသော ပထမ၊ ဒုတိယနှင့် တတိယ ကျောင်းသား၊ ကျောင်းသူ ၂၈ဦးတို့အား ဆုများပေးအပ်ချီးမြှင့်၍ သူငယ်တန်းမှ စတုတ္ထတန်းအထိ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူ သုံးဦးတို့အား စံပြကျောင်းသားဆုကို ကျောင်းအုပ်ဆရာမကြီးက ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)** (မြို့နယ်ပြန်/ဆက်)

လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

သမိုင်းဝင် ရေးဟောင်း ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကို ကျပ်နှစ်သိန်းနှစ်ထောင်ကျော် အကုန်အကျခံကာ ဂေါပကအဖွဲ့က ကပ်လှူရန်စီစဉ်လျက်ရှိရာ ယခုအခါ အလှူငွေကျပ်သိန်း ၇၃၀ ကျော်ရရှိပြီး စက်တင်ဘာလတွင် လိုအပ်သည့်ပစ္စည်းနှင့် ရွှေဆိုင်းများဝယ်ယူစုဆောင်းခြင်း၊ အောက်တိုဘာလတွင် ဝါးငြမ်းများဆင်ကာ ရွှေအမှိုက်အတွက် တင်ဒါခေါ်ယူခြင်း၊ နိုဝင်ဘာလတွင် အမှိုက်ဈေးများချတ်ခြင်း၊ ဒီဇင်ဘာလတွင် စစ်ဆေးသုတ်ခြင်း၊ ဇန်နဝါရီလတွင်ကြာခံကြီး၊ ကြေးဝိုင်း၊ ရှစ်မျှောင့်ချိုးတို့ကို ဦးစားပေးကာ ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဖေဖော်ဝါရီလတွင် ဝါးငြမ်းများ ပြန်လည်ဖြုတ်ခြင်း၊ ရေစက်ချအခမ်းအနားကျင်းပခြင်း စသည့်လုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်မည်ဖြစ်ရာ နှစ်လက်မပတ်လည် ရွှေ ၁၀၀ပါ ရွှေတစ်ဆိုင်း ကျပ် ၂၃၀၀၀၊ ၁၂လက်မပတ်လည် ရွှေချပြီး တစ်ချပ်ကျပ် ၁၀၀၀၀၊ ကိုးလက်မပတ်လည် ရွှေချပြီး တစ်ချပ်ကျပ် ၇၀၀၀ဖြင့် လှူဒါန်းလိုသူများသည် အတွင်းရေးမှူး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၂၆၁၊ ဥက္ကဋ္ဌ ဂေါပကအဖွဲ့၊ ရွှေစည်းခုံစေတီတော်မြတ်ကြီး ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၈၂၅၊ ဦးစိုးဝင်း(စဉ့်ကူစိုးဝင်း) နာယက ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း-၀၁-၆၄၂၈၅၈၊ ၀၁-၆၄၀၄၈၇၊ ၀၁-၆၄၀၄၈၉၊ အိမ်ဖုန်း-၀၁-၆၄၃၈၂၆တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၉ ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးစံသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းတွဲဖက်အတွင်းရေးမှူး ဦးမင်းဇော်က အသင်း၏လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အလှူရှင်များအား တစ်ဦးချင်းဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ **(အပေါ်ပုံ)** အလှူရှင်များကိုယ်စား ဆရာမဒေါ်အေးအေးမာနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဏ္ဏဝါဦးသန်းအောင်တို့က အမှာစကားများပြောကြားကြသည်။ ထို့နောက်အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး ဦးစိုးမင်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ (က-ပ)

✱ ကျောဖုံးမှ

မိုးရွာသွန်းမှုအခြေအနေ၊ မိုးစပါးစိုက်ပျိုးထားမှု အခြေအနေတို့ကိုလည်းကောင်း မြေပုံဇယား ကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရေတော်မိုးတော် ထွန်တုံးပိတ်ကောက်စိုက်ပွဲတွင် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် ကောက်စိုက်လုံမေ ဒေါ်ယွန်းနှင့် အဖွဲ့အားလည်းကောင်း၊ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသည့် အဖွဲ့ခေါင်းဆောင် ဦးမျိုးသိန်းနှင့် အဖွဲ့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် တောင်သူဦးကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မန္တလေးခရိုင်အနေဖြင့် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးရန် ဧက ၄၄၈၃၀ လျာထားခဲ့ရာတွင် ရေတော်မိုးတော် စိုက်ပျိုးနိုင်သော ဧရိယာ ၄၃၅၀၅ ဧက ကွင်းပိတ် စိုက်ပျိုးနိုင်ခဲ့ပြီး ဧရာဝတီမြစ်ရေတိုးမှုကြောင့် ရေကျနောက်စိုက် ၉၆၆ ဧကကို စက်တင်ဘာလကုန်အပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်း လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြိုးပမ်းဖော်ဆောင်လုပ်ကိုင်သွားကြရန် လိုအပ်

ရန်ကုန် စက်တင်ဘာ ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယနေ့နံနက် ၁၁ နာရီတွင် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့ (၁၂)လမ်းထိပ် ပန်းလှိုင်မြစ်ကမ်း တာပေါင်တည်ဆောက်ထားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောအောင်လွင်က ပန်းလှိုင်မြစ်နှင့် ဧရာဝတီမြစ်ဆုံ ရေစီးကြောင်းအခြေအနေနှင့် ပန်းလှိုင်မြစ်အဖြစ်ခွဲ၍ မြစ်ရေစီးဆင်းသွားမှုအခြေအနေ၊ ညောင်တုန်းမြစ်ကမ်းပါး မြစ်ရေတိုက်စားမှုဒဏ်ခံနိုင်ရန် မြစ်ကမ်းတစ်လျှောက် ဘိုးပိုင်ချ၍ မြစ်ကမ်းတာ တည်ဆောက်ထားရှိမှုအခြေအနေ၊ ညောင်တုန်းမြစ်ကမ်းတာပေါင်ကို တိုင်းတာတွက်ချက်၍ စနစ်တကျ တည်ဆောက်ထားရှိမှုကြောင့် ညောင်တုန်းမြို့တွင်းသို့ မြစ်ရေစီးဝင်မှုကို ကာကွယ်ထားနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးတင်အောင်လင်းက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်နှင့် ဧရာဝတီတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းဌေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ညောင်တုန်းမြို့နေ ပြည်သူများအား လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဖော်ဆောင် လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိနှင့်သက်ဆိုင်သော လုပ်ငန်းဆိုင်ရာများကို ကျွမ်းကျင်တတ်မြောက်မှုရှိအောင် အစဉ်လေ့လာ ကြိုးပမ်းသင်ယူနေကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်များ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် မိမိလုပ်ငန်းတာဝန်များအပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် စွမ်းရည်မြှင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိဌာန ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်စေရေးနှင့် ဘဏ္ဍာငွေ တိုးပွားစေရေးအတွက် တာဝန်ရှိသူအားလုံးက မှန်မှန်ကန်ကန်ဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး အပြန်အလှန် ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီဆောင်ရွက် သတ်မှတ်ထားသော ဥပဒေနှင့် ညွှန်ကြားချက်များ တိကျစွာလိုက်နာ

ရန်ကုန် စက်တင်ဘာ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ ဒါရိုက်တာအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဘဏ်များကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်း၊ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့မှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အမှာစကားပြောကြားရာတွင် ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ် တိုးတက်ထွန်းကားစေရန်အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်း၊ ပြည်ပ သတင်းအချက်အလက်များနှင့် ပညာရပ်ဆိုင်ရာများကို ဆည်းပူးလေ့လာကြရန်လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု ကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအား တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဘဏ်များကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေး ကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၃)ကြိမ်မြောက် အစည်းအဝေးတွင် ဘဏ်များကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မုံရွာခရိုင် ပုလဲမြို့နယ် ကျေးသများရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မုံရွာခရိုင် ပုလဲမြို့နယ် ကျေးသများရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက ယင်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးနှင့် မြို့နယ်ပညာရေးမှူး ဦးတင်ဟန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဖြစ်မြောက်ရေးကော်မတီနာယက ဆရာတော် ဘဒ္ဒန္တဝဇိရဗုဒ္ဓိ (စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်)က ကျေးရွာသမိုင်းနှင့် ကျောင်းဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းမိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးတင်ဟန်နှင့် လက်တောင်းကြီး အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးပြည့်ဝင်းမောင်တို့က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဦးတင်ဆွေက အခြေခံပညာအလယ်တန်းကျောင်းခွဲ အင်္ဂါရပ်များနှင့်ပြည့်စုံရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးသများရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးသာချိုက ကျောင်းသမိုင်းကို ရှင်းလင်းတင်ပြပြီး ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံများကိုပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူလေးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဆရာ၊ ဆရာမများနှင့် ကျေးရွာနေပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များအတွက် သတင်းစာနှင့် စာအုပ် လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ သတင်းစာနှင့် စာအုပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဌေးက လှူဒါန်းပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး၊ စာကြည့်တိုက်အဆောက်အအုံများဖြစ်ထွန်း ပေါ်ပေါက်ရေးနှင့် စာကြည့်တိုက်မှတ်ပုံတင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဌာနဆိုင်ရာအလိုက် လစဉ်လှူဒါန်းသည့် သတင်းစာနှင့် ဂျာနယ်များကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးစောဌေးက ငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်မျိုးစုံ ၁၂၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာ ၂၈၀ မှ ဥက္ကဋ္ဌများကိုယ်စား ဝသုန္ဒရကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြင့်သောင်းနှင့် ကျေးရွာဥက္ကဋ္ဌများက လက်ခံရယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

သက်ရှည်ကျန်းမာ ပြည်ရွာအကျိုး သယ်ပိုးဆောင်ရွက် တွဲလက်ညီညီ

ကြည်ဝင်းညွန့်

ကျန်းမာရေးသည် ပြည်သူတစ်ရပ်လုံးအတွက် အလိုလားအပ်ဆုံးသော လာဘ်တစ်ပါးဖြစ်သည်။ လူတိုင်းလူတိုင်း ကျန်းမာခြင်းလာဘ်နှင့် ပြည့်စုံနေရန် လိုအပ်ပါသည်။

မြန်မာမှုနယ်ပယ်၌ မိဘ၊ ဆရာသမားများအား ဂါရဝပြု ကန်တော့ကြသည့်အခါတွင် လူကြီးမိဘများက **အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်းနှင့် ပြည့်စုံကြပါစေ** ဟူ၍ မေတ္တာစိတ်ထား၍ ဆုပေးလေ့ရှိကြသည်။ မှန်ပါသည်။ လူ့ဘဝတွင် အသက်ရှည်ရပ်တည်နိုင်ရန် လူတိုင်းအလိုရှိကြပါသည်။ အသက်ရှည်ရုံမျှမက ရောဂါဘယကင်းဝေးပြီး ကျန်းမာကြံ့ခိုင်သောလူသားများဖြစ်ရန် ပို၍လိုအပ်ပါသည်။ သို့မှသာ အသက်ရှည် ကျန်းမာကြံ့ခိုင်သော လူတစ်ဦးအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး၊ မိမိအကျိုးကို အောင်မြင်စွာ သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားကျန်းမာရေးမူဝါဒများကိုအခြေခံ၍ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် **လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေး** ရည်မှန်းချက်နှစ်ရပ်နှင့်အညီ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်နေသည်။ နိုင်ငံတော်သစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံကောင်းများစွာကို ကဏ္ဍအလိုက် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း၌ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး မဏ္ဍိုင် ကြံ့ခိုင်စေရေးအတွက် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တိုးချဲ့တည်ဆောက်ပေးနေသည်။ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဆရာမများ၊ သားဖွား ဆရာမများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသည်။

ပြည်သူလူထုအား ရောဂါကြိုတင်ကာကွယ်ရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်ပေးမှု၊ မိခင်နှင့်ကလေး ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးအတွက် ပညာပေးမှုစသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နယ်စပ်အစွန်အဖျားဒေသမကျန် နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နေရသည်။

နိုင်ငံတော်က ၂၀၀၇ ခုနှစ်အတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။ ယင်းတို့တွင် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ကဖွင့်လှစ်သည့် ရန်ကုန်တိုင်း အဖျောက်မြို့ တိုက်နယ်ပြည်သူ့ဆေးရုံဓာတ်မှန်ဆောင်၊ မတ်လ ၁၃ ရက်နေ့က ဖွင့်လှစ်သည့် မန္တလေးတိုင်း မိုးကုတ်မြို့မှ ခုတင်၁၀၀ဆံ့ ဆေးရုံ၊ မတ်လ ၁၇ ရက်နေ့က ဧရာဝတီတိုင်း ငွေဆောင်မြို့၌ ဖွင့်လှစ်သည့် ပြည်သူ့ဆေးရုံ၊ မတ်လ ၃၀ ရက်နေ့တွင် ပဲခူးတိုင်း ပဲခူးမြို့နယ်၌ ဖွင့်လှစ်သည့် သပြေကုန်းတိုက်နယ်ဆေးရုံ၊ ဧပြီလ ၆ ရက်နေ့တွင် တနင်္သာရီတိုင်း ရေးမြို့၌ဖွင့်လှစ်သည့် မြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင်၊ ခွဲစိတ်နှင့်သားဖွားနှစ်ထပ်ဆောင်သစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်သည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၊ ဇူလိုင် လ ၂၄ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ဖွင့်လှစ်သည့် အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံ သုံးထပ်ဆောင်သစ်တို့ပါဝင်သည်။ ယင်းတို့ သည် ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နိုင်ငံတော်က ထားရှိသော စေတနာကို ထင်ရှားပေါ်လွင်စွာ ဖော်ညွှန်းပြသလျက်ရှိပါသည်။

ယင်းသို့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံ ဖော်ဆောင်ပေးနိုင်ရန် ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများကို

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးမဏ္ဍိုင် ကြံ့ခိုင်စေရေးအတွက် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးကို တွေ့ရစဉ်။

နိုင်ငံတော်က ၂၀၀၇ ခုနှစ်အတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။ ယင်းတို့တွင် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ကဖွင့်လှစ်သည့် ရန်ကုန်တိုင်း အဖျောက်မြို့ တိုက်နယ်ပြည်သူ့ဆေးရုံဓာတ်မှန်ဆောင်၊ မတ်လ ၁၃ ရက်နေ့က ဖွင့်လှစ်သည့် မန္တလေးတိုင်း မိုးကုတ်မြို့မှ ခုတင် ၁၀၀ ဆံ့ ဆေးရုံ၊ မတ်လ ၁၇ ရက်နေ့က ဧရာဝတီတိုင်း ငွေဆောင်မြို့၌ဖွင့်လှစ်သည့် ပြည်သူ့ဆေးရုံ၊ မတ်လ ၃၀ ရက်နေ့တွင် ပဲခူးတိုင်း ပဲခူးမြို့နယ်၌ ဖွင့်လှစ်သည့် သပြေကုန်းတိုက်နယ်ဆေးရုံ၊ ဧပြီလ ၆ ရက်နေ့တွင် တနင်္သာရီတိုင်း ရေးမြို့၌ဖွင့်လှစ်သည့် မြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင်၊ ခွဲစိတ်နှင့်သားဖွားနှစ်ထပ်ဆောင်သစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်သည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ဖွင့်လှစ်သည့် အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံ သုံးထပ်ဆောင်သစ်တို့ ပါဝင်သည်။ ယင်းတို့သည် ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နိုင်ငံတော်ကထားရှိသောစေတနာကို ထင်ရှားပေါ်လွင်စွာ ဖော်ညွှန်းပြသလျက်ရှိပါသည်။



ညွှန့်

ဉ်သူ့ကျန်းမာရေးဆိုင်ရာ က်ဖြည့်ဆည်းပေးခဲ့သည်။ လှစ်သည့် ရန်ကုန်တိုင်း ၊ မတ်လ ၁၃ ရက်နေ့က ၀၀ဆံ့ ဆေးရုံ၊ မတ်လ စ်သည့် ပြည်သူ့ဆေးရုံ၊ င့်လှစ်သည့် သပြေကုန်း ရီတိုင်း ရေးမြို့၌ဖွင့်လှစ် စိတ်နှင့်သားဖွားနှစ်ထပ် ကုန်မြို့၌ ဖွင့်လှစ်သည့် လ ၂၄ ရက်နေ့တွင် စ်သည့် အမျိုးသမီးနှင့် င်သည်။ ယင်းတို့ သည် ိုင်ငံတော်က ထားရှိသော ျက်ရှိပါသည်။

ရေးအတွက် ပြည်သူ့ း လွှမ်းခြုံ ဖော်ဆောင်ပေး ကျန်းမာရေးဌာနများကို

ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်က ဆေးရုံ ၆၃၁ ရုံသာရှိခဲ့ရာမှ ယခုအခါ ၈၃၄ ရုံအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားနိုင်ပြီဖြစ်သည်။

ထို့အပြင် ယခင်က အထူးကုဆေးရုံကြီး ၆၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ၉၄ ရုံအထိ ရှိလာသည့်အပြင် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၌လည်း အနည်းဆုံး ခုတင် ၂၀၀ ဆံ့ ဆေးရုံတစ်ရုံစီ ဖွင့်လှစ်ပေးထားရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်လျက်ရှိသည်။

တိုက်နယ်ဆေးရုံပေါင်း ၄၆၀၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၅၆ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၃၄၈ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၈၆ ခုနှင့် ကျောင်းကျန်းမာရေးအဖွဲ့ ၈၀ တို့ကိုလည်း ဖွင့်လှစ်ပေးထားသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆရာဝန်ပေါင်း သုံးသောင်း ကျော်၊ သွားဆရာဝန် ခြောက်ထောင်ကျော်၊ သူနာပြု တစ်သောင်းကျော်၊ ကျန်းမာရေးမှူး တစ်ထောင်ကျော်နှင့် သားဖွားဆရာမ ရှစ်ထောင်ကျော်တို့ကိုလည်း ခန့်ထားပေးပြီးဖြစ်ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ဒေသအလိုက်၊ ဌာနအလိုက် တာဝန်ယူဆောင်ရွက်နေကြပြီဖြစ်သည်။

ယင်းသို့ ဆေးဘက်ဆိုင်ရာပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး အတွက် ဆေးနှင့် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်က ဆေးတက္ကသိုလ် သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာရှိခဲ့ရာမှ ယခုအခါ ဆေးတက္ကသိုလ် လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နှစ်ခုအထိ ရှိနေပြီဖြစ်သည်။ ထို့အပြင် သူနာပြုတက္ကသိုလ် နှစ်ခု၊ ဆေးဝါး ကျွမ်းကျင်မှုတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ပညာသည်တက္ကသိုလ် နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် တစ်ခု၊

ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်မြို့ ခုတင် ၂၀၀ဆံ့ ဆေးရုံကြီးကို တွေ့ရစဉ်။

ပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးနိုင်ရေးအတွက် တိုင်းရင်းဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် တိုင်းရင်းဆေးပညာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးမြို့တွင် တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်ပေးခဲ့သည်ကို ဤသို့တွေ့မြင်ရစဉ်။

ပြည်သူ့ကျန်းမာရေးတက္ကသိုလ် တစ်ခုနှင့် သူနာပြုသင်တန်းကျောင်း ၂၃ ကျောင်းတို့ကိုလည်း အသစ်တိုးချဲ့ ဖွင့်လှစ်ပေးထားရာ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေမှုအဖြစ် တွေ့မြင်နိုင်ပေသည်။

ပြည်သူများအား ရောဂါကုသပေးရာတွင် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများသာမက အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးတက်များပြားလာသည့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများကို တွေ့မြင်နိုင်မည်ဖြစ်ပေသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြန်မာ့တိုင်းရင်းဆေးများ၏ အခန်းကဏ္ဍသည်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာလျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်တွင် မြန်မာတို့အားကိုးတန်ဖိုးထား အသုံးပြုခဲ့ကြသည့် တော်ဝင်ဆေးပညာတစ်ရပ် ဖြစ်သည်။

ကျေးလက်နေပြည်သူများ တိုင်းရင်းဆေးများကို ဘိုးစဉ်ဘောင်ဆက် ကတည်းက သုံးစွဲလာခဲ့ကြပြီး ယခုအခါ ကျေးလက်ဒေသသာမက မြို့ပြများတွင်ပါ တိုင်းရင်းဆေးကို အလေးထားသုံးစွဲလာကြပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေးအတွက် ပံ့ပိုးအားပေးနေသည်။ အစွမ်းထက်သော တိုင်းရင်းဆေးဝါးများထုတ်လုပ်ရေးအတွက် ပရဆေးဥယျာဉ်များကို ထူထောင်ထားရှိသည်။ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကုသပေးနိုင်ရေးအတွက် တိုင်းရင်းဆေးရုံများ၊ ဆေးကုသဌာနများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်က တိုင်းရင်းဆေးရုံ နှစ်ရုံသာရှိခဲ့ရာမှ ယခုအခါ ၁၄ ရုံအထိ ရှိလာသည်။ တိုင်းရင်းဆေးကုဌာနသည်လည်း ၁၉၈၈ ခုနှစ်က ၈၉ ခုသာ ရှိခဲ့ရာမှ ယခုအခါ ၂၄၃ ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးထားသည်ကို တွေ့ရသည်။



နိုင်ငံတော်တွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကိရိယာများကိုလည်း တပ်ဆင်ပေးထားရာ နှလုံးနှင့်အဆုတ်လုပ်ငန်း အစားထိုးစက်၊ နှလုံးအတွင်းသို့ ပြွန်သွင်းရောဂါကုသစနစ်၊ အလွှာလိုက် ဓာတ်မှန်ရိုက်စက်၊ ဂါမာရောင်ခြည်သုံး ခန္ဓာကိုယ် အစိတ်အပိုင်းများပုံဖော်စက်၊ အဏုမြူရောင်ခြည်သုံး သွေးလည်ပတ်မှုတိုင်းတာစက်၊ ရောင်စုံတယ်လီဗီးရှင်း နှလုံးရောဂါစမ်းသပ်စက်များ ပါဝင်သည်။

ထို့အပြင် သွေးသွင်းဒြပ်တိုင်းစက်၊ သွေးတွင်းရှိ ဓာတုပစ္စည်း တိုင်းစက်၊ ခွဲစိတ်ခန်းသုံး အဏုကြည့်မှန်ပြောင်း (နား၊ နှာခေါင်း၊ လည်ချောင်း)၊ ခွဲစိတ်ခန်းသုံးအဏုကြည့်မှန်ပြောင်း (မျက်စိ)၊ တိုင်းတာရေးစက်နှင့် ကင်မရာပါသော ဝမ်းခေါင်းအတွင်းကြည့် ခွဲစိတ်ကိရိယာ၊ အစာအိမ်နှင့် အူလမ်းကြောင်း ဗီဒီယိုဖြင့် ရောဂါရှာဖွေရေး မှန်ပြောင်း၊ မျက်စိအတွင်းတိမ် ခေတ်မီခွဲစိတ်ကိရိယာ၊ နှလုံးနှိုးကိရိယာနှင့် နှလုံးခုန်တိုင်းတာရေးစက်၊ အသက်ရှူစက်ပါမေ့ဆေးပေးစက် စသည့်ခေတ်မီပစ္စည်းများကိုလည်း အသုံးပြုလျက်ရှိရာ ရောဂါရှာဖွေရေးနှင့်ကုသရေးတွင် ပိုမိုတိုးတက်ခေတ်မီလျက်ရှိသည်။

နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ စီမံဖြည့်ဆည်းပေးနေမှုကြောင့် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်မှ ဖယ်ရှားနိုင်ခဲ့သည်။ ကြက်ငှက်တုပ်ကွေးရောဂါ မကျရောက်စေရန် ကြိုတင် ကာကွယ်နှိမ်နင်းလျက်ရှိသည်။ အိုင်အိုဒင်းချို့တဲ့မှုကင်းစင်ကြောင်း ကြေညာနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ထို့မျှမက အဓိကရောဂါကြီးသုံးမျိုးဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေး၊ သုံးစွဲသူများ ပပျောက်ရေး၊ ဆေးစွဲသူများ ကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စေရေးအတွက် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ၏ မျှော်မှန်းနိုင်သော သက်တမ်း (Life Expectancy) သိသိသာသာ မြင့်မြင့်မားမား တိုးတက်လာလျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ကျန်းမာ ကြံ့ခိုင်သော နိုင်ငံသားတိုင်းက ကျရာကဏ္ဍမှ စွမ်းအားပြည့်ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း၏ ကျန်းမာရေးအတွက် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ဖြည့်ဆည်းပေးမှုနှင့်အတူ ရောဂါကာကွယ်ရေး၊ ဆေးဝါးကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အသက်ရှည်ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့ အကျိုးစီးပွားကို လက်တွဲညီညီ ထာဝရသယ်ပိုးဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒုတိယဝန်ကြီး သူရဦးသောင်းလွင် စက်ရုံဝန်ထမ်းများ လုပ်ငန်းစွမ်းရည်တိုးတက်ရေးနှင့် လုပ်ငန်းအရည်အသွေးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် စက်တင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာအရာရှိများနှင့် ကြီးကြပ်သူဝန်ထမ်းများအား တွေ့ဆုံ၍ စက်ရုံဝန်ထမ်းများ လုပ်ငန်းစွမ်းရည်တိုးတက်ရေးနှင့် လုပ်ငန်းအရည်အသွေးတိုးတက်စေရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် မြန်မာ့မီးရထား အင်းစိန် စက်ခေါင်းစက်ရုံ အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ အရာရှိများနှင့် ကြီးကြပ်သူဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (ရထား)

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ယနေ့ကမ္ဘာပေါ်တွင် သတင်း အချက်အလက် စုဆောင်းလွှဲပြောင်းမှု နည်းပညာနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ လျင်မြန်စွာ တိုးတက် ဖြစ်ထွန်းလာသဖြင့် စက်မှု၊ လျှပ်စစ်၊ သတ္တုမှုအစ ပညာရပ်ကဏ္ဍအစုံ၌ နည်းပညာပြောင်းလဲမှု၊ အတွေးအခေါ်၊ အလေ့အထ ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်နေကြောင်း၊ ယနေ့ရထားလုပ်ငန်းသုံး ပစ္စည်းများတွင် ကုန်ကြမ်းနှင့် လုပ်အားကို အခြေပြုသည့် စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများအစား နည်းပညာပိုင်း၊ ဉာဏ်စွမ်းရည်ပိုင်းတို့ကို အခြေခံထုတ်လုပ်သည့်ပစ္စည်းများ အစားထိုး ဝင်ရောက်နေပြီဖြစ်၍ မိမိတို့က အမီလိုက်နိုင်ရန်အတွက် ပညာရပ်ပိုင်းဆိုင်ရာနှံ့စပ်မှု၊ ကျွမ်းကျင်မှုနှင့် ဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊ အာဆီယံ၊ မဟာမဲခေါင် ဒေသခွဲ စသည့် ဒေသန္တရဆိုင်ရာ အဖွဲ့အစည်းများသည်လည်း နောင်တွင် ယခုထက် ပိုပြင်လာတော့မည်ဖြစ်ရာ ပေါ်ထွက်လာမည့် အခွင့်ကောင်းများကို ရယူနိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေး အပိုင်းကဏ္ဍသာမက ဆက်စပ်ကဏ္ဍများကိုပါ လေ့လာပြင်ဆင်ထားရမည်ဖြစ်ကြောင်း။

မိမိတို့စက်ရုံ၏ ထုတ်လုပ်မှု အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး၊ လုပ်အား၊ လုပ်ငန်းသုံးပစ္စည်း၊ စွမ်းအင်၊ငွေကြေး အစရှိသည်တို့ အလေအလွင့် နည်းပါးစေရေးတို့အတွက် မိမိဝန်ထမ်းများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာ အဘက်ဘက်မှ လေ့ကျင့်လျက်တိုင်းပြည်အတွက် အဖိုးတန် ဝန်ထမ်းကောင်းများ ဖြစ်စေရေး လေ့ကျင့်ရန် အလုပ်ရုံတွင်း သင်တန်းသာမက အခြားဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် ပြင်ပရှိ လုပ်ငန်းတူလုပ်ငန်းများကိုပါ လေ့လာ၍ မိမိတို့၏ လုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ရန်၊ မကြာမီ မိမိတို့ဝန်ကြီးဌာန၏ မိတ္ထီလာ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၌ စက်ရုံအရာရှိ၊ အလုပ်ရုံစုမှူးများအား လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သံဖြူနှင့် ကြေးနီရုံ၊ ဒီဇယ်အရန်ပစ္စည်းထုတ်လုပ်ရေးရုံ၌ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတစ်ဆင့်ချင်း စနစ်ကျရေး၊ အရည်အသွေးနှင့် ထုတ်လုပ်မှု တိုးတက်ရေး၊ ပစ္စည်း၊ လုပ်အား၊ အချိန်နှင့် စွမ်းအင်အလေအလွင့် နည်းပါးရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

ဒုတိယ ဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မလွှကုန်းဒီဇယ်စက်ခေါင်းပြင်စက်ရုံ၌ စက်ခေါင်းများပြုပြင်မွမ်းမံထိန်းသိမ်းရေးကိစ္စ၊ ကျွမ်းကျင်မှု တိုးတက်ရေးအတွက် စက်ရုံတွင်း သင်တန်းကိစ္စ၊ လမ်းခရီးတွင် မြို့ပတ်စက်ခေါင်းများ ချွတ်ယွင်းမှု မဖြစ်စေရေးနှင့် အရန်စက်ခေါင်း စီစဉ်နိုင်ရေး ကိစ္စများကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စက်ဆန်း ကုန်ရုံနှင့် ဗိုလ်တထောင်ကုန်ရုံသို့ ရောက်ရှိပြီး ရထားဖြင့် ကုန်ပစ္စည်းတင်ပို့ခြင်း၊ ဆောင်ရွက်နေသည့်ကုန်စည်ပို့ဆောင်မှု လုပ်ငန်းများအဆင်ပြေချောမွေ့စေရေး၊ ရထားစက်ခေါင်း၊တွဲလည်ပတ်မှုမြန်ဆန်ရေး၊ကုန်တင်ကုန်ချမှုစနစ်ကျမြန်ဆန်ရေးတို့အတွက်ကုန်ပို့သူများ၊ကုန်တင်ကုန်ချ အလုပ်သမားများနှင့် မြန်မာ့မီးရထား ဝန်ထမ်းများအား တွေ့ဆုံ၍ အခက်အခဲများ ရှိပါက တင်ပြရန်နှင့် စနစ်တကျပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့မီးရထား၊ ကုန်ပစ္စည်းတင်ပို့သူများနှင့် ကုန်တင်ကုန်ချ အလုပ်သမား သုံးဦးသုံးဖလှယ် အကျိုးရှိရေး ဆိုင်ရာများကို မှာကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာ၌ တည်ဆောက်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းတိုနေ နှစ်ဖက်မိဘများကို အမှူးထား၍ ကိုဇော်လင်း-မအေးအေးမြင့် မိသားစုက ကျောင်းအလှူငွေကျပ် ၁၅၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းရာ အမှုဆောင် မယုယုမေ လက်ခံယူစဉ်။ (က-ပ)

မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော အသောက ဓမ္မဗိမာန်လေးထပ်ကျောင်းဆောင်ကြီးအတွက် ဦးတင်ငွေ-ဒေါ်ရီသန်း(အောင်သိဒ္ဓိလမ်း(၃)ရပ်ကွက်၊ မရမ်းကုန်း) မှ အလှူငွေကျပ် သုံးသိန်းလှူဒါန်းစဉ်။ (က-ပ)

ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၇ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ တာဝန်ရှိသူများက အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသည့် အသင်းများအား လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဆုရရှိသည့် အသင်းများအား လည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲဆုရရှိသည့် အသင်းများအားလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ဆုရရှိသည့်အသင်းများအား လည်းကောင်း တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးနှစ်ယောက်တွဲ ပထမဆုရ ရောဝတီတိုင်းအသင်း၊ အမျိုးသားနှစ်ယောက်တွဲ ပထမဆုရ ဧရာဝတီတိုင်းအသင်း၊ အမျိုးသမီး သုံးယောက်တွဲ ပထမဆုရ ဧရာဝတီတိုင်းအသင်းနှင့် အမျိုးသားသုံးယောက်တွဲ ပထမဆုရ စစ်ကိုင်းတိုင်းအသင်းတို့အား တံခွန်စိုက် ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာရည်ချွန် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

သံဖြူဇရပ်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ သံဖြူဇရပ်မြို့ ဟံသာဝတီတိုက်သစ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၈ရက်က ကျင်းပရာ မြို့နယ်သာသနာရေးဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး၊ ပညာရေးစေတနာရှင်များ၊ ပညာရေးကြီးကြပ်မှုကော်မတီဝင်များ၊ ကျောင်းဒါယကာ၊ ဒါယိကာမများ၊ ကျောင်းသား မိဘများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟံသာဝတီတိုက်သစ် ဦးစီးပဓာန နာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စတင်ခဲ့ပုံ အခြေအနေကို ရှင်းပြသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက ပညာရေးဆိုင်ရာ သင်ကြားသင်ယူမှု အခြေအနေများကို ရှင်းပြသည်။

ထို့နောက် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ပညာရည်ချွန်ဆု ရရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်သာသနာရေး ဦးစီးမှူး ဦးသော်တာသွင်၊ မြို့နယ်ပညာရေးမှူး(ငြိမ်း)ဦးခင်မောင်ဦး**(အပေါ်ယာပုံ)**၊ ပညာရေးစေတနာရှင်များက ဆုများအသီးသီး ချီးမြှင့်ကြသည်။ ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဟံသာဝတီတိုက်သစ် ဦးစီးပဓာန နာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ ပညာရေးစေတနာရှင်များက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် စုပေါင်းအလှူငွေများ ပေးအပ်ကြသည်။

အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် သူငယ်တန်း ၈၃ ဦး၊ ပထမတန်း ၅၅ ဦး၊ ဒုတိယတန်း ၃၄ ဦး၊ တတိယတန်း ၁၉ ဦး၊ စတုတ္ထတန်း ၁၁ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၀၂ ဦး ပညာသင်ကြားလျက်ရှိရာ သင်ကြားမှု အထောက်အကူဖြစ်စေရေးအတွက် လှူဒါန်းလိုသည့် စေတနာရှင်နှင့် အလှူရှင်များသည် ဦးစီးပဓာန နာယက ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တတေဇောဘာသထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ်ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ဟန်းနီးမွန်း"**
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့် ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင်မြင်ချင်းပဲကွယ်" (အပိုင်း-၃၅)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **(၄၃)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် -စိတ်၏စေရာ၃၀၂ အပိုင်း(၂) နေတိုး၊ အိန္ဒြာကျော်ဇင်**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်အားပေး

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ဆုရရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမှာစကားပြောကြားပြီး ပညာရည်ထူးချွန်ဆု ချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရည်ထူးချွန်ဆုများကို ချီးမြှင့်ရာ ခြောက်ဘာသာဂုဏ်ထူးရှင် စိန်ရတနာ ဗီဒီယိုထုတ်လုပ်ရေးမှ ဦးထွန်းကြည်၏သမီး မနွေးနွေးထွန်းကြည်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးခင်ဇော်က လည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် ဒါရိုက်တာမလိခစိုးထိုက်အောင်၏သမီး မရွှေယမင်းဦးအား နာယက ဦးညွန့်ဝင်းကလည်းကောင်း၊ ငါးဘာသာ ဂုဏ်ထူးရှင် ဓာတ်ပုံ/ဓာတ်ရုံ ဦးညီကျော်(ခ)ဦးညီညီဆွေ၏သမီး မမြတ်ပန်းမြင့်မိုရ်အား နာယက ဦးစိန်တင်က လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင် ဂျော်လီဆွေနှင့်သားများ ရုပ်ရှင်/ဗီဒီယိုထုတ်လုပ်ရေးမှ ဦးမောင်မောင်ဆွေ၏သား မောင်ထွန်းလင်းအောင်နှင့် နှစ်ဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော စက်မှုအခြေခံမှ ဦးကျော်ထွန်း၏သား မောင်ဇွဲသက်ပိုင်နှင့် တည်းဖြတ်အလှမှ ဦးတင်လှိုင်(ခ) ဦးခင်ဇော်၏သမီး မပုလဲစုလှိုင်တို့အား ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေကလည်းကောင်း၊ တစ်ဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော စက်မှုအခြေခံမှ ဦးတင်ထွဋ်၏သား မောင်ပြည့်သူအောင်နှင့် အုပ်ချုပ်/ဖြန့်ချိမှ ဦးဝင်းနိုင်(ခ) ဦးထွန်းရွှေ၏သား မောင်အောင်သူရမျိုးတို့အား ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်က လည်းကောင်း ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၅၀၀၀၀ စီဖြင့် ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မျက်ခြယ်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး၊ မင်္ဂလာကုမ္ပဏီလီမိတက်နှင့် ဦးတင်အောင်တို့က ငွေကျပ်ငါးသိန်းစီ၊ အောင်ကျော်ဇော ဗီဒီယိုထုတ်လုပ်ရေးက ငွေကျပ်သုံးသိန်း၊ ထားဝယ်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးနှင့် ကျော်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးပြုံးမောင်မောင်-ဒေါ်ခင်သီတာထွန်း မိသားစု၊ ဦးမောင်မောင်ဆွေ (ဂျော်လီဆွေနှင့်သားများ ဗီဒီယိုထုတ်လုပ်ရေး)၊ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် ခန့်စည်သူ မိသားစု၊ ဝမ်းဖိုးဖိုက်ဗီဒီယို၊ ဦးဝင်းကြည်-ဒေါ်ရင်ရင်စန်း မိသားစု၊ သရုပ်ဆောင် ထွန်းထွန်း(Examplez)၊ ဒေါ်အိအိခိုင်နှင့် ဦးစိုးသိမ်း(မဏိရွှေစင် ရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေး) တို့က ငွေကျပ်တစ်သိန်းစီ၊ ရုပ်ရှင်၊ ဗီဒီယို သရုပ်ဆောင် ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ ဒေါ်မျိုးမျိုးခိုင် (ကီကီမြန်မာကုမ္ပဏီလီမိတက်)၊ ကြောင်ကမ္ဘာ ဗီဒီယိုထုတ်လုပ်ရေး၊ သုခမိန်ဗီဒီယို ထုတ်လုပ်ရေးနှင့် ဦးဘုန်းမော်တို့က ငွေကျပ်ငါးသောင်းစီနှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဆုရရှိသူများကိုယ်စား မရွှေယမင်းဦးက ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆုရရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

ကဝအရှင်ဝဏ္ဏိသရ တရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော်၏တပည့် ကဝအရှင်ဝဏ္ဏိသရ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ ဖြူးမဟာစည်နယ်လှည့် ဓမ္မကထိကသည် ၁၃၆၉ခုနှစ် တော်သလင်းလပြည့်နေ့ နံနက် ၉ နာရီတွင် ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌လည်းကောင်း၊ ညနေ ၅နာရီတွင် လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာ ဘုရားလမ်း မာရ်အောင်ဓမ္မာရုံ၌လည်းကောင်း၊ တော်သလင်းလပြည့်ကျော် ၃ရက်မှ ၅ရက်အထိ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် သမက်ပြေအုန်းပင်စုကျောင်းတိုက်၌လည်းကောင်း ညစဉ် ၇ နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

အခြေခံပညာ ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားရေး၊ စာပေအရေးအသား တိုးတက်ရေး၊ အတွေးအခေါ်မြင့်မားရေးတို့ကို ရည်ရွယ်၍ အခြေခံပညာအထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၇(တနင်္ဂနွေနေ့)

AM&PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"တရားကပေးတဲ့ချမ်းသာ"တရားတော် (ဓမ္မဒူတဒေါက်တာအရှင်ပညိသရ)
၇း၅၀-၁း၅၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၄၅-၂း၄၅	တေးဂီတအစီအစဉ်
၈း၅၀-၂း၅၀	အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အကြိမ်(၄၀)မြောက် အဘိဓမ္မာ (၇)ကျမ်း၊ အာဂမ-သဘာဝစာပြန်ပွဲအခမ်းအနား
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	ဥမင်တူးမြောင်း ဆက်သွယ်ကောင်း ရေပေးရေကူ စံနမူ စိုက်ပျိုးရေးအတွက်ဖေးမကူ
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	မှတ်သားလေ့လာပြတိုက်ခင်းကျင်းမှုပညာ
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	ယွန်းဖြစ်တည်ရာကျောက္ကာရွာ
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	စားချင်စရာငါးချဉ်အရသာ
၁၁း၁၀-၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကိုကာကွယ်ကုသခြင်း (ပါမောက္ခဒေါက်တာစောနောင်)
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	နိုင်ငံတကာအနုပညာရေးရာ
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
၁၂း၃၀-၆း၃၀	Euro Goals
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Newcastle-West Ham	ESPN(Live)
၇း၂၄	Aston Villa-Everton	Star Sports(Live)
၉း၂၅	Man Utd -Chelsea	ESPN(Live)

NLD ပါတီခေါင်းဆောင်များ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်နေသည်ကိုသာ မြင်တွေ့နေရသဖြင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၄၉ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဖြတရော်ကျေးရွာနေ ဦးကျော်တင့်၊ နတ်ခရိုင်ကျေးရွာနေ ဦးတင်ကြီး၊ စာရေးကျေးရွာနေ ဦးညိုအေး၊ ပဲကတိုးကျေးရွာနေ ဦးလုံးစံ၊ တအိမ်တည်းကျေးရွာနေ ဦးလှဝင်း၊ လင်းတလူးကျေးရွာနေ ဦးလှဝင်း၊ ကျောက်ကာရွာမကျေးရွာနေ ဦးဓာတ်ဆီ၊ တလိုင်းကျွန်းကျေးရွာနေ ဦးခင်မောင်ဝင်းတို့အပါအဝင် ပါတီဝင် ၄၉ဦးတို့သည် စက်တင်ဘာ ၉ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သောနုတ်ထွက်လွှာတွင် NLDဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိဘဲ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေကြောင်း၊ ပါတီခေါင်းဆောင်များ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်နေသည်ကိုသာ မြင်တွေ့နေရသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့်ဖော်ပြထားသည်။ (သတင်းစဉ်)

တောင်ကြီးမြို့ မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို တောင်ကြီးမြို့ ရှမ်းပြည်နယ်အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၉ရက်က ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်၍ အမှာစကားပြောကြားသည်။ အဆိုပါအစည်းအဝေးသို့ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ၁၂ခုတို့မှ တာဝန်ရှိသူများ၊ မီးပုံးပျံပညာရှင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖခင်ကြီး ဦးကျော်ငြိမ်းအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဒေါင်းမင်းလမ်းနေ ဒေါ်ခင်ဌေး၊ ဒေါ်ရီရီမြင့် မောင်နှမတစ်စုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်တွင် တည်ဆောက်မည့် နှစ်ထပ်ယောဂီဆောင်အတွက် အလှူငွေကျပ် တစ်သိန်းနှစ်သောင်းနှစ်ထောင်ကို စက်တင်ဘာ ၁၈ရက်က မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက (ကညင်ကုန်း) ဆရာတော် ဦးဉာဏောဘာသ အရှင်သူမြတ်ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပက ဥက္ကဋ္ဌဦးမြင့်သွင်က အနုမောဒနာဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ဇင္ဂ)

ပြောင်းရွှေ့ကျင်းပမည်

ရှေးဦးစွာတိုင်းမှူးက တောင်ကြီးမြို့၏ ရိုးရာမဟာဘုံကထိန် တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံ ပြိုင်ပွဲကြီးကို မကြာမီ ကျင်းပမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခင်နှစ်က အတွေ့အကြုံနှင့် အကြံပြုချက်များ ပေါင်းစပ်ပြီး ယခုနှစ်တွင် ပိုမိုကောင်းမွန်အောင် ကျင်းပနိုင်ရေး တက်ရောက်လာသူများက အကြံပြုဆွေးနွေးစေလိုကြောင်း ဖြင့် ပြောကြားသွားသည်။ ယခုနှစ်တွင် မီးပုံးပျံပြိုင်ပွဲ ကျင်းပရေးကွင်းကို စူဠာမုနိ ဘုရားကွင်းမှ တောင်ကြီးဘူတာအနီး ဧက ၃၀ခန့် ကျယ်ဝန်းသည့် ကွင်းသစ်ကြီးသို့ ပြောင်းရွှေ့ကျင်းပမည် ဖြစ်သည်။

ဆက်လက်၍ ဦးစီးကော်မတီ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံပညာရှင်များက ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့် ကိစ္စများ၊ ယခင်နှစ်အတွေ့အကြုံများအား ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးက ယခုနှစ်ဖွဲ့စည်းမည့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့် ပြိုင်ပွဲအသီးသီး ကျင်းပရေးဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Say it in English.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ **"စိတ်၏စေရာ ၃၀၂" (အပိုင်း-၂) (နေတိုး၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**
၁၂း၄၀ ၅။ (၂၄)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(တိုက်ကွမ်ဒို)
၁၂း၅၅ ၆။ တေးဂီတအစီအစဉ်
၁း၁၀ ၇။ အကပြိုင်ပွဲ
၁း၂၅ ၈။ ကူးလူးဆက်သွယ်ချစ်ကြိုးနွယ် (ကရင်၊ မွန်)
၁း၄၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁း၅၅ ၁၀။ အတီးပြိုင်ပွဲ
၂း၁၀ ၁၁။ (၂၆)မိုင်ကြက်ဆူအထူးဇုန် (စစ်ကိုင်းတိုင်း)
၂း၂၅ ၁၂။ **"တို့တစ်ရွာလုံးချမ်းသာပြီ" (ဆန်းထွဋ်၊ သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ) ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)**
၂း၄၅ ၁၃။ International News.
၃း၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Every day Use.
၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၅ ၆။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင် ပထမတန်းအဆင့်) အမျိုးသမီး
၅း၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ သီချင်းရဂေဟာ
၇း၀၅ ၁၁။ (၂၄)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ရေကူး)
၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၆၁)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စရာ့ပျိုကညာ" (အပိုင်း-၆)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲနှင့် ကျောင်းကျန်းမာရေး ဆေးပေးခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဆင်းပွဲနှင့် ကျောင်းကျန်းမာရေး ဆေးပေးခန်းဖွင့်ပွဲကို ယမန်နေ့တွင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ပြန်ကြားဆက်သွယ်ရေးဌာနမှ အသိပညာပြန့်ပွားရေး အရာရှိ ဒေါ်မြင့်မြင့်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဖြူဖြူစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းထူး ချွန်ဆုရရှိသူများအား ဒေါက်တာဒေါ်ဖြူဖြူစိုးနှင့် မြို့နယ်ကြက်ခြေနီအသင်းအမှုဆောင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲမင်းထွဋ်တို့က ဆုများကိုပေးအပ်ချီးမြှင့်ကြ၍ ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာ ဒေါ်ကြော့ကြော့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် ကျောင်းကြက်ခြေနီအသင်းဝင် အဆိုပြုလွှာများကို မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်လှလေးသွယ်က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၇)သို့ ကျောင်းသား၊ ကျောင်းသူ ၃၀တို့ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း အခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၀၇) ဆင်းပွဲနှင့် ကျောင်းကျန်းမာရေး ဆေးပေးခန်းဖွင့်ပွဲတွင် ကျောင်းကြက်ခြေနီအသင်းဝင်အဆိုပြုလွှာများကို မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဖြူဖြူစိုး လက်ခံစဉ်။(သတင်းစဉ်)

ပုသိမ်မြို့ မင်းရဲကျော်စွာလမ်းနေ ဦးကျင်ဟန်-ဒေါ်ခင်မြင့်မိသားစုက စက်တင်ဘာ ၁၅ ရက်တွင် ပုသိမ်မြို့ပေါ်ရှိ ရဟန်း၊ သံဃာ၊ ရှင်သာမဏေ အပါး ၂၈၀၀ကျော်တို့အား ရွှေမုဋ္ဌောဘုရားအရှေ့ဘက် ဒေါ်လှယဉ်ဓမ္မာရုံ မြို့မ ဆွမ်းလောင်းအသင်း၌ အရဏ်ဆွမ်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

ဗုဒ္ဓဂယာရှိသုံးထပ်ကျောင်းဆောင်ဆောက်လုပ်မှု ၇၅ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေ

ရန်ကုန် စက်တင်ဘာ ၂၂

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်ကို တည်ဆောက်လျက်ရှိရာ ယခုအခါ တည်ဆောက်မှုလုပ်ငန်း ၇၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ သို့ဖြစ်၍ တည်ဆောက်ရေးအတွက် အလှူတော်ငွေများကို စက်တင်ဘာ ၂၆ရက် (တော်သလင်းလပြည့်နေ့)မှစ၍ ကျောင်းတော်ကြီး တည်ဆောက်ရာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ပညာရေးဗိမာန်တော်ကြီး အလှူခံဌာနသို့သာ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(က-ပ)

သုံးထပ်ကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

လှိုင်မြို့နယ် (၅)ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း အသစ်တည်ဆောက်လျက်ရှိသောသုံးထပ်ကျောင်းဆောင်တော်ကြီးအတွက်အေးရိပ်မွန် အပိုင်း(၁)၊ တိုက်(၃)နေ (ဦးကြည်အောင်)-ဒေါ်စန္ဒီမာလာ (၆၅)နှစ်ပြည့်မွေးနေ့ အလှူငွေကျပ်တစ်သိန်းကို ဩဝါဒါစရိယ ဆရာတော် အရှင်ပဏ္ဍိစ္စထံ စက်တင်ဘာ ၂၂ရက်က ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ကုသိုလ်ပါဝင် လှူဒါန်းလိုသူများ ဖုန်း-၅၃၅၈၀၂သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရိုးရာသီးစုံ ဆွမ်းတော်ကြီးတင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် မွန်ပါဠိတက္ကသိုလ် သွေးဆေးကန်မွန်ကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရအား အမှူးထား၍ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ဦးဆောင်ပြီး စေတနာရှင် အလှူဒါယကာ၊ ဒါယိကာမအပေါင်းတို့က (၂၁)ကြိမ်မြောက် နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော ရိုးရာသီးစုံဆွမ်းတော်ကြီးတင်ပွဲအခမ်းအနားကို ၁၃၆၉ ခုနှစ် တော်သလင်းလပြည့် (ဗုဒ္ဓဟူးနေ့) စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ မုန့်မျိုးစုံ၊ ယိုမျိုးစုံ၊ သစ်သီးမျိုးစုံ၊ ဆွမ်းဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဝါရထံတွင် လည်းကောင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ထံတွင်လည်းကောင်း၊ ဖုန်း- ၀၉ ၅၁၆၂၀၀၃ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင်အကြိမ်(၂၀)မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း စက်တင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နာယူနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၇ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၂၂ရက်မှ ၂၃ရက်အထိ ပြေးခုန်ပစ်ပြိုင်ပွဲများကို အောင်ဆန်း အားကစားပြိုင်ဝင်း၌လည်းကောင်း၊ စက်တင်ဘာ ၂၄ရက်တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ရေကူးပြိုင်ပွဲနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲတို့ကိုလည်းကောင်း၊ စက်တင်ဘာ ၂၅ရက်တွင် အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဘော်လီဘောပြိုင်ပွဲကို လည်းကောင်း၊ စက်တင်ဘာ ၂၆ရက်တွင် ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်ရုံ၌ ကြက်တောင်ရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ စက်တင်ဘာ ၂၇ရက်တွင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ပြိုင်ပွဲကို လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ခဝဲခြံမျက်မမြင်ကျောင်း၊ စက်မှု(၁) ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊မန္တလေးတိုင်း ၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒေါင်နှင့် ဧရာဝတီတိုင်း အသင်းတို့မှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၀သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်မြို့ (၄၂)လမ်းနေ ကွယ်လွန်သူ ဦးလှစိန်နှင့် ဒေါက်တာညွန့်ညွန့်သန်းတို့အား ရည်စူး၍ မိခင်ကြီး ဒေါ်မြစိန်မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးဘချိုနှင့် ဦးသန်းလွင်တို့ လက်ခံရယူစဉ်။ (က-ပ)

မေတ္တာမွန် သွေးလှူရှင်အဖွဲ့ သွေးနှင့်ဆေးဝါးပစ္စည်းများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

မေတ္တာမွန်သွေးလှူရှင်အဖွဲ့ (ရှိုင်းဟုပ်ကုမ္ပဏီ)မှ သွေးလှူရှင် ၅၀ တို့သည် (၄၅)ကြိမ်မြောက် သွေးနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီတွင် မင်္ဂလာဒုံ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ကျင်းပရာ ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ဆေးရုံတွင် တက်ရောက် ကုသနေသည့် လူနာများအတွက် သွေးနှင့် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မေတ္တာမွန် သွေးလှူရှင်အဖွဲ့က ဆေးဝါးအတွက် အလှူငွေ ပေးအပ်လှူဒါန်းရာ အရိုးရောဂါ ပါရဂူ ဒုတိယ ဗိုလ်မှူးကြီးဇော်ဝင်းမော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက သွေးလှူဒါန်းနေသည်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) အရိုးရောဂါပါရဂူ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းမော်ထံ မေတ္တာမွန်သွေးလှူရှင်အဖွဲ့(ရှိုင်းဟုပ်ကုမ္ပဏီ)က ဆေးဝါးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် စက်တင်ဘာ ၁၆ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၂)လမ်းနေ ဦးကြည်စိန်-ဒေါ်ညိုညိုထွေးမိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (က-ပ)

2007

INTERNATIONAL DAY OF OLDER PERSONS
1st OCTOBER 2007

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့

"TOWARDS A SOCIETY FOR ALL AGES"
"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားစေရန်၊

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာများ ရှင်သန်ထွန်းကား ပြန့်ပွားရန်၊

(၄) လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကညင်စမ်း-ကံသုံးဆင့် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအား စက်ယန္တရားဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလှိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးသစ်အတွင်း ရေမြောင်းများ ခြင်ဆေးဖျန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ဒုဦးစီးမှူး (ကျန်းမာရေးမှူး)ဒေါ်စိန်အေးနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်စဉ်။ (က-ပ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန်မြို့၌ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့၌ ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ကားလမ်းအချို့ ရေလွှမ်းမှုများရှိခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အင်းစိန်ရွာမကားလမ်း၊ သမိုင်းလမ်းဆုံ၊ ပါရမီလမ်း၊ ကမ္ဘာအေးစေတီလမ်း မီဂါဆာဟိုတယ်အနီးနှင့် အင်းယားကန်ဘေး၊ အင်းယားလိတ်ဟိုတယ်အနီးတစ်ဝိုက် ကားလမ်းတစ်လျှောက်၊ ဒဂုံစင်တာအနီး ဗားကရာလမ်း၊ ကျိုက္ကဆံဝင်းအနီး အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် သံသုမာလမ်းထောင့်၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ် မအူကုန်းလမ်းကျယ်နှင့် ဗညားဒလလမ်းထိပ်၊ ယုဇနပလာဇာရှေ့နှင့် လမ်းအချို့၌ ၃/၄ပေခန့် ရေလွှမ်းခဲ့ကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲခန့်၌ ပြည်လမ်း မေခလမ်းဆုံအနီးရှိ ကုက္ကိုပင်တစ်ပင်သည် ပြည်လမ်းအတိုင်း မောင်းနှင်လာသည့် ဟိုင်းလတ်ယာဉ်တစ်စီးပေါ် ပြိုလဲကျပြီး ယာဉ်မောင်း ဦးဇော်ဝင်းအောင်၏ နဖူး၊ဝဲနားထင်တို့တွင် ဒဏ်ရာများရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် လမ်း၌သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ၂၀၀၇-၂၀၀၈ ခုနှစ် မန္တလေးခရိုင်၏ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၇-၂၀၀၈ ခုနှစ် မန္တလေးခရိုင်၏ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက်တွင် ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု ကွင်းအမှတ် (၄၄၆/၄၄၇)ရှိ တောင်သူ ဦးမြင့်စိုး၏လယ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးသည် တောင်သူဦးမြင့်စိုး၏ လယ်တွင် ဆင်းသွယ်ရင်မျိုးစပါးများ ထွန်တုံးပိတ် စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် တိုက်ရိုက်အစေ့ချနည်းဖြင့် စိုက်ပျိုးနေသော ကောက်စိုက်သမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စပါးစိုက်ပျိုးမှု အခြေအနေများကို မေးမြန်းကာ သတ်မှတ်ထားသည့် ဓာတ်မြေဩဇာများ ကျွေးမွေးရေး၊ ပေါင်းမြက်များရှင်းလင်းရေးနှင့် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါ ကွင်းအမှတ် (၄၄၆/၄၄၇)အတွင်း စိုက်ပျိုးပြီးစပါးများနှင့် ဓာတ်မြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန္တလေးတိုင်း သီးနှံကာကွယ်ရေးဌာနခွဲက ခင်းကျင်းပြသထားသည့် မျိုးစေ့နမူနာများ၊ အပင်အာဟာရဆေးဝါးများ၊ ပိုးသတ်ဆေးများ၊ စပါးဖျက်ပိုးများနှင့် စပါးမျိုးအလိုက် စပါးနှံများ၊ ရရှိလာသည့် စပါးမှ ချက်ပြုတ်ပြီး ထမင်းနမူနာများကို ကြည့်ရှုစစ်ဆေးရာ သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးအား ယာယီရှင်းလင်းဆောင်၌ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြက ၂၀၀၇-၂၀၀၈ ခုနှစ် မန္တလေးခရိုင် ရေတော်မိုးတော်စပါး ထွန်တုံးပိတ်စိုက်ပျိုးပွဲနှင့် စပ်လျဉ်း၍လည်းကောင်း၊ မန္တလေးခရိုင်အတွင်း မြေအသုံးချမှုအခြေအနေ၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ၂၀၀၇-၂၀၀၈ခုနှစ် မန္တလေးခရိုင်၏ မိုးစပါး ရေတော် မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားတွင် စပါးများ ထွန်ထုံးပိတ်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွာရန်ရာနှုန်း ၈၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြစ်ရေကြီးမှုအခြေအနေထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၂

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ပြည်မြို့တွင် ၂၉၁၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၁၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၄၀၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၇၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၉၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင် မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန်တွင် အောက်ဖော်ပြပါ စခန်းများ၌ စက်တင်ဘာလ၏ ၂၄ နာရီအတွင်း အများဆုံး ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်	စံချိန်ကျိုးသည့်
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ	ကျိုးခဲ့သည့်နှစ်	နှစ်ပေါင်း
၁။	ရန်ကုန်(မြို့လယ်)	၂၉၃	၁၁.၅၄	၁၆၀	၆.၃၀	၈-၉-၁၉၆၈	၃၉
၂။	ရန်ကုန်(ကမ္ဘာအေး)	၂၄၃	၉.၅၇	၁၇၄	၆.၈၅	၈-၉-၁၉၇၆	၃၉
၃။	ရန်ကုန်(မင်္ဂလာဒုံ)	၂၁၄	၈.၄၃	၁၄၉	၅.၈၇	၈-၉-၁၉၆၈	၆၀